မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း

# လူထုဆက်သွယ်ရေး/ပြန်ကြားဆက်သွယ်ရေး
# မူဝါဒနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာလက်စွဲ

**Communication (Public Relations) Policy and Procedure Manual**

နိုဝင်ဘာလ ၂၀၁၉ ခုနှစ်

အတည်ပြုသူ ------------------------------- / ရက်စွဲ -------------------------------

| *Version Number* | *Approved Date* | *Approved by* | *Next Review Date* |
|---|---|---|---|
| *1.0* | *November 2019* | *President* | *June 2020* |

The Central Executive Committee (CEC) has the authority to change the policy with the exception waivers which should be logged and reported to the Central Committee on a quarterly basis.

# မာတိကာ

၁။ မိတ်ဆက် ---------------------------------------- ၀၂

၂။ လူထုဆက်သွယ်ရေး/ပြန်ကြားဆက်သွယ်ရေး မူဝါဒ၏ ရည်ရွယ်ချက် ---------------------------------------- ၀၃

၃။ အသင်း၏ ပြန်ကြားဆက်သွယ်ရေးဆိုင်ရာ ကွန်ရက်များ ---------------------------------------- ၀၃

    ၃.၁။ မီဒီယာနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း ---------------------------------------- ၀၄

၄။ မီဒီယာကျင့်ဝတ်လိုက်နာခြင်း ---------------------------------------- ၀၄

၅။ ပြန်ကြားဆက်သွယ်ရေး လမ်းညွှန်ချက် ---------------------------------------- ၀၅

၆။ သတင်း ထုတ်ပြန်ခြင်းနှင့် ပြောရေးဆိုခွင့်ရှိသူ ---------------------------------------- ၀၅

၇။ အသင်း၏ အမှတ်တံဆိပ် အသုံးပြုမှုလမ်းညွှန် ---------------------------------------- ၀၆

၈။ ပညာရပ်ဆိုင်ရာ ဝေါဟာရများ ---------------------------------------- ၀၆

၉။ ဂုဏ်သတင်းဆိုင်ရာ ကိစ္စရပ်များ ---------------------------------------- ၀၆

၁၀။ ပြန်ကြားဆက်သွယ်ရေး လုပ်ငန်းတာဝန်များ ---------------------------------------- ၀၇

၁၁။ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၏ လူမှုကွန်ယက်အသုံးပြုမှု လမ်းညွှန် ---------------------------------------- ၀၉

## ၁။ မိတ်ဆက်

နိုင်ငံတော်က ချမှတ်ထားသည့် ကျန်းမာရေးစောင့်ရှောက်မှုလမ်းစဉ်များနှင့်အညီ အများပြည်သူ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်သူများနှင့်အတူ လက်တွဲလုပ်ကိုင်လျှက်ရှိသည့် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းသည် ပွင့်လင်းမြင်သာပြီး၊ ကျင့်ဝတ်စည်းကမ်းပြည့်ဝသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါသည်။ ဤမူဝါဒသည် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းက ဆောင်ရွက်လျှက်ရှိသည့် ကျန်းမာရေး စောင့်ရှောက်မှုစီမံချက်များတွင် အများပြည်သူများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုများ ရရှိစေရန်နှင့် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို အများပြည်သူနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ သိရှိနိုင်ရန်အတွက် ရည်ရွယ်သည်။

မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၏ ကျန်းမာရေးစီမံချက်လုပ်ငန်းများနှင့်ပတ်သက်ပြီး သတင်းအချက်အလက်များ မျှဝေပေးခြင်း၊ ပြည်သူလူထု၏ အခြေခံလိုအပ်ချက်များနှင့် အရေးပေါ်အခြေအနေများအတွက် သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်း၊ လူမှုဝန်းကျင်အတွင်း ကျန်းမာရေး ဝန်ဆောင်မှုဆိုင်ရာ စီမံချက်များ လုပ်ဆောင်ရာတွင် ကြုံတွေ့ရသော အခက်အခဲများ၊ သင်ခန်းစာများနှင့် လုပ်ငန်းတိုး တက်စေရန် အကြံပြုချက်များ စုဆောင်းခြင်းနှင့် ပြန်လည်မျှဝေပေးခြင်း၊ အသင်း၏ ရည်ရွက်ချက်များ၊ လုပ်ငန်းများနှင့် အသင်းက လိုက်နာကျင့်သုံးသည့် ကျင့်ဝတ်များအကြောင်းကို လုပ်ငန်းနှင့် ဆက်နွယ်နေသူများအားလုံး သိရှိစေရန် မီဒီယာများအပြင် အခြားသောအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း အစရှိသည့် ပြန်ကြားဆက်သွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် အသင်း၏ မူဝါဒများနှင့် ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရာတွင် အောင် မြင်မှုများ ရရှိစေရေး အထောက်အကူပြုရန် ရည်ရွယ်သည်။

## ၂။ လူထုဆက်သွယ်ရေး/ပြန်ကြားဆက်သွယ်ရေး မူဝါဒ၏ ရည်ရွယ်ချက်

ဤမူဝါဒ၏ အဓိက ရည်ရွယ်ချက်များမှာ -

- မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၏ ကျန်းမာရေးစီမံချက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အများပြည်သူများသိရှိပြီး ပူးပေါင်းပါဝင်မှုရရှိရန်
- ကျန်းမာရေးဝန်ဆောင်မှုများနှင့်ပတ်သက်ပြီး အသိပညာပေးလုပ်ငန်းများနှင့် သတင်းအချက်အလက် မျှဝေသုံးစွဲမှုလုပ်ငန်းများ ဆောင်ရွက်ရန်
- မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၏ လုပ်ကိုင်ဆောင်ရွက်မှုများတွင် ပွင့်လင်းမြင်သာမှုရှိစေရန် နှင့် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းအပေါ် အများပြည်သူ၏ ယုံကြည်ချစ်ခင်မှု ရရှိစေရန်
- မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၏ ပုံရိပ်ကို ထိခိုက်နစ်နာစေသော ဖြစ်ရပ်များ၊ အခြေအနေ အကြောင်းအရာများပေါ်ပေါက်လာပါက တာဝန်ခံမှုရှိစွာ ဖြေရှင်းတုန့်ပြန်နိုင်ရန်
- အသိပညာပေးလုပ်ငန်းများနှင့် သတင်းအချက်အလက်မျှဝေခြင်းနှင့် ဖြေရှင်းတုန့်ပြန်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် သတင်းမီဒီယာနှင့် အခြားဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်
- အများပြည်သူဆိုင်ရာအချက်အလက်များ၊ ဖြစ်စဉ်များနှင့် သတင်းမီဒီယာများကို စောင့်ကြည့်လေ့လာပြီး အသင်းနှင့် အသင်းဝင်များ၊ ဝန်ထမ်းများအား လိုအပ်သော သတင်းအချက်အလက်၊ အသိပညာနှင့် အကြံဉာဏ်များ ပံ့ပိုးကူညီပြီး လုပ်ငန်းဆောင်ရွက်မှုများကို ထောက်ပံ့ကူညီရန်

## ၃။ အသင်း၏ ပြန်ကြားဆက်သွယ်ရေးဆိုင်ရာ ကွန်ရက်များ

အသင်းသည် အများပြည်သူများနှင့် ထိတွေ့ဆက်ဆံရန်၊ သတင်းအချက်အလက်များထုတ်ပြန်ရန်နှင့် အသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် အသင်း၏ တရားဝင်လူမှုကွန်ယက်များအဖြစ် Website၊ Facebook တို့အပြင် လိုအပ်လျှင် YouTube Twitter LinkedIn နှင့် အခြားသော ဆိုရှယ်မီဒီယာဝန်ဆောင်မှုများကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်သည်။

## ၃.၁။ မီဒီယာနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း

ပြည်တွင်း / ပြည်ပ အခြေစိုက်မီဒီယာများ (ရေဒီယို၊ ရုပ်သံ၊ အင်တာနက်စသည့် အီလက်ထရောနစ် မီဒီယာ များ၊ သတင်းစာ၊ ဂျာနယ်စသည့် ပုံနှိပ်မီဒီယာများ)နှင့် အောက်ဖော်ပြပါ ရည်ရွယ်ချက်များနှင့်အညီ ဆက်သွယ်ဆောင်ရွက်ရမည် -

- အသင်းအကြောင်းနှင့် အသင်း၏လုပ်ကိုင်ဆောင်ရွက်မှုများ၊ အသင်း၏သဘောထား/ ရပ်တည်ချက်များကို အများပြည်သူများ ပိုမိုသိရှိလာစေရန်
- သတင်းမီဒီယာများနှင့် ကောင်းမွန်သော ဆက်ဆံရေး တည်ဆောက်နိုင်ရန်နှင့် ကျန်းမာရေးဆိုင်ရာ သတင်းထုတ်လုပ်မှုများတွင် သတင်းမီဒီယာ၏ ပံ့ပိုးကူညီမှုများရရှိရန်နှင့် သတင်းမီဒီယာအား ပံ့ပိုးကူညီမှုများပေးရန်
- အသင်း၏ စီမံချက်များနှင့် ဝန်ဆောင်ပေးနေမှုများကို အများက ပိုမိုနားလည်သိရှိစေရန် အများပြည်သူနှင့် အသင်းဝင်အားလုံးပါဝင်လာစေရေး လှုံ့ဆော်ဆောင်ရွက်မှုများလုပ်ဆောင်ရန်
- ကျေးလက်ပြည်သူများ၏ ကျန်းမာရေးလိုအပ်ချက်ပြဿနာများကို လူထုတစ်ရပ်လုံးနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ သိရှိနားလည်နိုင်ရေး

*ဤနေရာတွင် သတင်းမီဒီယာဆက်သွယ်ရေးဆိုင်ရာ မူဝါဒ ချမှတ်အတည်ပြု၍ လိုက်နာဆောင်ရွက်ရန်။*

## ၄။ မီဒီယာကျင့်ဝတ်လိုက်နာခြင်း

အသင်းနှင့် စီမံချက်ဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများကို လုပ်ငန်းနှင့် ဆက်စပ်သည့် ဌာနဆိုင်ရာနှင့် မိတ်ဖက်အဖွဲ့အစည်းများ၊ အများပြည်သူတို့ သိရှိစေရန် သတင်းများ၊ ဆောင်းပါးများ၊ ဓာတ်ပုံများ၊ ဗီဒီယိုများနှင့် ရုပ်ပုံများကို မီဒီယာအဖွဲ့အစည်းများသို့ ပေးပို့ရာတွင်သော်လည်းကောင်း၊ အင်တာနက် (Website)နှင့် Social Media များ၌ ဖော်ပြရာတွင် အသင်း၏ ပြန်ကြားဆက်သွယ်ရေးဆိုင်ရာ ကျင့်ဝတ်များကို လိုက်နာဆောင်ရွက်ရန်

လိုအပ်သည်။ ယင်းသို့ အသုံးပြုရာတွင် အသင်း၏ ဂုဏ်သိက္ခာနှင့် အသင်းနှင့်ဆက်နွယ်နေသူများ၏ ဂုဏ်သိက္ခာကို မထိ ခိုက်စေရန် သတိထားလုပ်ဆောင်ရန် လိုအပ်သည်။

အသင်းဝင်များနှင့် စီမံချက်များမှ တာဝန်ရှိသူများသည် မိမိတို့၏ ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်အရ လူမှုကွန်ရက်မီဒီယာများကို အသုံးပြုပါက အသင်း၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ပြီး အသင်းမှ ချမှတ်ထားသော ကျင့်ဝတ်များနှင့်အညီ အသုံးပြုရမည်ဖြစ်သည်။ မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း၏ သင်္ကေတအမှတ်အသား၊ အသင်းတံဆိပ်နှင့် အလံများကို မလျော်မကန်အသုံးပြုခွင့်မရှိ။

## ၅။ ပြန်ကြားဆက်သွယ်ရေး လမ်းညွှန်ချက်

အသင်း၏ Senior Management Team အဖွဲ့ဝင်များ၊ အသင်းဝင်များ၊ ဒေသအလိုက် စီမံချက်တာဝန်ရှိသူများအနေ ဖြင့် လုပ်ငန်းလိုအပ်ချက်အရ သတင်းမီဒီယာများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်သည်။ ယင်းသို့ ဆောင်ရွက်ရာတွင် အသင်း၏ ပြန်ကြားဆက်သွယ်ရေးဆိုင်ရာမူဝါဒများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပြီး Senior Management Team ၏ အတည်ပြုချက်ကို ရယူရန်နှင့် ပြန်ကြားဆက်သွယ်ရေးဆိုင်ရာဌာနသို့ အသိပေးရန်လိုအပ်သည်။

## ၆။ သတင်း ထုတ်ပြန်ခြင်းနှင့် ပြောရေးဆိုခွင့်ရှိသူ

မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းသည် စီမံချက်လုပ်ငန်းဆိုင်ရာ အကြောင်းအရာများကို မိတ်ဖက်အဖွဲ့အစည်းများနှင့် အသင်းကိုယ်စား တာဝန်ခံသတင်းထုတ်ပြန်ရမည်။ ဌာနဆိုင်ရာများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ ပူးတွဲ သတင်း ထုတ်ပြန်မှုမျိုးပြုလုပ်ပါက အသင်း၏ ပြောရေးဆိုခွင့်ရှိသူအဖြစ် ဆောင်ရွက်ရမည်။

- *ဤနေရာတွင် ပြောရေးဆိုခွင့်ရှိသူဆိုင်ရာ မူဝါဒ ချမှတ်အတည်ပြု၍ လိုက်နာဆောင်ရွက်ရန်။*

## ၇။ အသင်း၏ အမှတ်တံဆိပ် အသုံးပြုမှုလမ်းညွှန်

မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း၏ တံဆိပ်နှင့် အမှတ်အသားများသည် အသင်းကိုယ်စား လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် အသုံးပြုရန်ဖြစ်သည်။ ကျန်းမာရေးမှူးအသင်း၏ တံဆိပ်နှင့် အမှတ်အသားများကို မလျော်မကန် အသုံးပြုမှုမရှိစေရန် လိုအပ်သော လမ်းညွှန်ချက်များ ချမှတ်အတည်ပြုဆောင်ရွက်ရမည်။

## ၈။ ပညာရပ်ဆိုင်ရာ ဝေါဟာရများ

အသင်းက ဆောင်ရွက်နေသော လုပ်ငန်းများနှင့် သက်ဆိုင်သော ဝေါဟာရများကို သက်ဆိုင်ရာကျွမ်းကျင်သူ များနှင့် ပူးပေါင်းကာ ပြန်ကြားဆက်သွယ်ရေးတာဝန်ရှိသူများက ဝေါဟာရလမ်းညွှန်စာအုပ် စုစည်းထုတ်ဝေရန်နှင့် ထိုလမ်းညွှန်အတိုင်း အသုံးပြသွားရမည်။

## ၉။ ဂုဏ်သတင်းဆိုင်ရာ ကိစ္စရပ်များ

အသင်း၏ ဂုဏ်သတင်းကို မြှင့်တင်နိုင်ရန်နှင့် ဂုဏ်သတင်းကျဆင်းနိုင်မည့်ကိစ္စရပ်များကို ကြိုတင်စီမံခန့်ခွဲနိုင် ရန်အတွက် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်သည်။

- အခါအားလျော်စွာ ပြောင်းလဲနေသော အစိုးရ၏ ကျန်းမာရေးဆိုင်ရာ မူဝါဒများ၊ လူမှုရေးအခြေအနေ များနှင့် စီမံချက်လုပ်ငန်းမျာ ဆောင်ရွက်ရာတွင် အသင်း၏ ဂုဏ်သတင်းကို ထိခိုက်နိုင်သော အခြေ အနေများကို ကြိုတင်ခန့် မှန်းခြင်း၊ တုန့်ပြန်နိုင်ရန် အစီအစဉ်များ ချမှတ်ရမည်။
- အသင်း၏ ကိုယ်စားပြု ပြောရေးဆိုခွင့်ရှိသူများ အဆင့်ဆင့်အလိုက် ကြိုတင်သတ်မှတ်ခြင်းနှင့် လေ့ ကျင့်သင်ကြားပေးရမည်။
- ပြောရေးဆိုခွင့်ရှိသူများက အသင်း၏ ဂုဏ်သိက္ခာကို မထိခိုက်စေရန် တာဝန်ယူရမည်

- အသင်းအပေါ် ဝေဖန်တိုက်ခိုက်မှုများကို ပုံနှိပ်မီဒီယာ၊ အခြားကျင့်ဝတ်လိုက်နာသော သတင်းမီဒီယာများ၊ အသင်း၏တရားဝင် လူမှုကွန်ရက်မီဒီယာများကို အသုံးပြု၍ ဖြေရှင်းဆောင်ရွက်ရမည်။
- ထိုသို့ဖြေရှင်းဆောင်ရွက်ရာတွင် အသင်း၏ပုံရိပ်နှင့် ရည်ရှည်အကျိုးရလာဒ်ကိုကြည့်၍ အတတ်နိုင်ဆုံး ညှိနှိုင်းဖြေရှင်းရမည်။
- အရေးပေါ်ကိစ္စရပ်များတွင် သတင်းမီဒီယာများကို စောင့်ကြည့်လေ့လာပြီး လိုအပ်ပါက မူဝါဒများနှင့် အညီ စီမံဆောင်ရွက်မှုများ ပြုလုပ်ရမည်။

## ၁၀။ ပြန်ကြားဆက်သွယ်ရေး လုပ်ငန်းတာဝန်များ

- ပြန်ကြားဆက်သွယ်ရေးဆိုင်ရာ မူဝါဒများနှင့် မဟာဗျူဟာများ ရေးဆွဲတင်ပြခြင်း
- အသင်း၏ သတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီ စုဆောင်းခြင်း၊ မှတ်တမ်းတင်ခြင်း၊ ထိန်းသိမ်းခြင်း၊ ထုတ်ပြန်ပေးခြင်း နှင့် ထုတ်ဝေခြင်းများဆောင်ရွက်ရန်
- သတင်းအချက်အလက်များကို သက်ဆိုင်ရာတာဝန်ရှိသူများ၊ ရည်မှန်းဆောင်ရွက်ရာ အများပြည်သူများထံသို့ ရောက်ရှိပြန့်နှံ့စေရေး ဆောင်ရွက်ရန်
- အသင်း၏ ပုံရိပ်နှင့် ဂုဏ်သတင်းများကို ပိုမိုအားကောင်းစေရန် စီမံဆောင်ရွက်ခြင်း
- အသင်းကိုယ်စား မီဒီယာများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် -

  - တွေ့ဆုံမေးမြန်းခန်းပြုလုပ်နိုင်ရန် ဆောင်ရွက်ခြင်းနှင့် မီဒီယာများကို အသင်းကို မိတ်ဆက်ပေးရန်
  - အသင်းအတွက် သတင်းစာရှင်းလင်းပွဲများ လိုအပ်ပါက ဆောင်ရွက်ပေးရန်
  - စီမံချက်များဒေသများသို့ မီဒီယာများ ကွင်းဆင်းလေ့လာနိုင်ရေးအတွက် ဆောင်ရွက်ရန်
  - လိုအပ်သည့် ပြန်ကြားဆက်သွယ်ရေးအထောက်အကူပစ္စည်းများ တာဝန်ခံထုတ်လုပ်ရန် (ဥပမာ - သတင်းစာစောင်၊ Photo Story နှင့် မှတ်တမ်းရုပ်ရှင်)

- အသင်းက ထုတ်ဝေသော သတင်းအချက်အလက်၊ ပညာပေးနှင့် ပြန်ကြားဆက်သွယ်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို စီစဉ်အကြံဉာဏ်ပေးရန်

## ၁၁။ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၏ လူမှုကွန်ယက်အသုံးပြုမှု လမ်းညွှန်

မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၏ လူမှုကွန်ယက်(ဆိုရှယ်မီဒီယာ) အသုံးပြုမှု နည်းဥပဒေ သည် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း ဝန်ထမ်းများအတွက် blogs, wikis, microblogs, facebook, message boards, chat rooms, electronic newsletters, online forums, social networking sites, and other sites and services စသော ဆိုရှယ်မီဒီယာ အသုံးပြုခြင်း၊ သတင်းအချက်အလက်မျှဝေခြင်း ဆိုင်ရာ သိသင့်သိထိုက်သော အခြေခံသဘောတရားများနှင့် ခွင့်ပြုချက် သဘောတရားများကို ဝန်ထမ်းများ လက်လှမ်းမှီစေရန် ရှင်းလင်းကျယ်ပြန့်စွာ ဖော်ပြထားခြင်းဖြစ်ပြီး ဆိုရှယ်မီဒီယာအသုံးပြုခြင်းနှင့် ပတ်သက်၍ လိုက်နာရမည့်အချက်များ၊ ရှောင်ကြဉ်ရမည့်အချက်များ နှင့် သတိပေးလမ်းညွှန်ချက်များကို ဝန်ထမ်းများသိရှိနားလည်လိုက်နာနိုင်စေရန် ချမှတ်ထားခြင်းဖြစ်သည်။

### လိုက်နာဆောင်ရွက်ရမည့်အချက်များ

အောက်ဖော်ပြပါစည်းမျဉ်းစည်းကမ်းများသည် မိမိကိုယ်ရေးကိုယ်တာ ဆိုရှယ်မီဒီယာ အသုံးပြုရာတွင်သော်လည်းကောင်း၊ အသင်းကိုယ်စားတာဝန်ယူ အသုံးပြုရာတွင်သော်လည်းကောင်း ဝန်ထမ်းအားလုံး လိုက်နာစေရန် ချမှတ်ထားခြင်းဖြစ်သည်။

၁။ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းမှချမှတ်ထားသော လူမှုကွန်ယက်(ဆိုရှယ်မီဒီယာ) စည်းမျဉ်းစည်းကမ်း နှင့် ဥပဒေများကို ဝန်ထမ်းများအားလုံး သိရှိပြီး လိုက်နာကျင့်သုံးကြရမည်။

၂။ မြန်မာနိုင်ငံကျန်းမားရေးမှူးအသင်း၏ ဝန်ထမ်းဖြစ်သည့်အားလျော်စွာ အသင်း၏ဂုဏ်သိက္ခာနှင့် မိမိ၏ဂုဏ်သိက္ခာကို ထိခိုက်နစ်နာစေမည့် အကြောင်းအရာများအား ဆိုရှယ်မီဒီယာပေါ်တွင် ရေးသားဖော်ပြခြင်း၊ ဖြန့်ဝေခြင်းများ မဖြစ်စေရန် သတိထားလိုက်နာကြရမည်။

၃။ ဆိုရှယ်မီဒီယာပေါ်တွင် ဝန်ထမ်းများ ဖော်ပြလိုက်သည့်အကြောင်းအရာအချက်အလက်များသည် အများပြည်သူဆိုင်ရာ သတင်းအချက်အလက်များဖြစ်နေနိုင်သည်ကို သတိပြုဆင်ခြင်ရမည်။ (မိမိ၏ပြောဆိုရေးသားချက်များသည် မိမိတစ်ဦးတစ်ယောက်တည်းအတွက်မဟုတ်ဘဲ အများနှင့်ဆက်စပ်ပတ်သက်နေသည်ကို သတိပြုရမည်။)

၄။ ဝန်ထမ်းများအားလုံးသည် မိမိတင်လိုက်သော၊ ရေးသားထားသော၊ဖြန့်ဝေထားသော အကြောင်းအရာများအား မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းတာဝန်ရှိသူများမှ စစ်ဆေးတွေ့ရှိသွားနိုင်သည်ကိုလည်းသတိပြုကြရမည်။ သို့ပါ၍ ဝန်ထမ်းများအနေဖြင့် အသင်းနှင့် အသင်းဝန်ထမ်းများ၊ ကျန်းမာရေးဝန်ဆောင်မှုရယူနေသည့်ပြည်သူများအား ထိခိုက်နစ်နာမှုတစ်စုံတစ်ရာ မဖြစ်ပေါ်စေရန် ဆိုရှယ်မီဒီယာတွင် ဖော်ပြည်သည့်အကြောင်းအရာများနှင့် ပတ်သက်ပြီး မှန်ကန်စွာဆုံးဖြတ်ရွေးခြယ်ကြရမည်။

၅။ မသင့်လျော်မမှန်ကန်မအပ်စပ်သော ဆိုရှယ်မီဒီယာ အသုံးပြုခြင်းများဖြစ်သည့် အသင်း၏ဂုဏ်သိက္ခာညှိုးနွမ်းစေနိုင်သော တိုက်ရိုက်ထုတ်လွှင့်မှုများ/စာသားများ/ဓါတ်ပုံများ၊ ညစ်ညမ်းစာသားများ/ဓါတ်ပုံများ၊ မူပိုင်ခွင့်ရှိသော အကြောင်းအရာများ/စာသားများ/ဓါတ်ပုံများ၊ ခွင့်ပြုချက်လိုင်စင်နှင့်သက်ဆိုင်သော အကြောင်းအရာများ/စာသားများ/ဓါတ်ပုံများ၊ အကြမ်းဖက်ခြင်းနှင့် သက်ဆိုင်သော အကြောင်းအရာများ စာသားများ ဓါတ်ပုံများ၊ နှင့် လုပ်ငန်းဆောင်ရွက်ရာတွင် ထိခိုက်နစ်နာစေမည့် မည်သည့်အကြောင်းအရာမဆို ရေးသားခြင်း၊ ဖြန့်ဝေခြင်းများကို ထိရောက်စွာ တားမြစ်ထားပါသည်။

၆။ ဝန်ထမ်းများအားလုံးသည် အများမသိရှိစေရန် လျှို့ဝှက်စွာ သိမ်းဆည်းထားသောအကြောင်းအရာများ (သို့) ရေးသားဖော်ပြခွင့်မပြုထားသော အကြောင်းအရာများကို ဆိုရှယ်မီဒီယာပေါ်တွင် ရေးသားဖော်ပြခြင်း၊ ဖြန့်ဝေခြင်းမပြုလုပ်ရ။ ( ၄င်းအကြောင်းအချက်များနှင့်ပတ်သက်ပြီး သိရှိလိုပါက Communication/ Human Resource Departments and/or supervisors များအားအသိပေး တိုင်ပင်ဆွေးနွေးရန်လိုအပ်ပါသည်။)

၇။ ဝန်ထမ်းများအားလုံးသည် social media networks, blogs and press conference media, legal question များအားတွေ့ဆုံမေးမြန်းခြင်း၊ ဖြေကြားခြင်းများ ပြုလုပ်ရာတွင် သက်ဆိုင်ရာပြောရေးဆိုခွင့်ရှိသူများ၏ ခွင့်ပြုချက်ရယူရမည်။

၈။ ဝန်ထမ်းများ ဆိုရှယ်မီဒီယာအသုံးပြုရာတွင် ခြိမ်းခြောက်မှုတစ်စုံတစ်ရာနှင့် ကြုံတွေ့ခဲ့သည်ရှိသော် မိမိသဘောနှင့်မဖြေရှင်းဘဲ သက်ဆိုင်ရာအထက်လူကြီး၏ အကြံဉာဏ်ကို တောင်းခံပါရမည်ဖြစ်သည်။

၉။ ဝန်ထမ်းများသည် မိမိ၏လုပ်ဖော်ကိုင်ဖက်/ယခင်အလုပ်လုပ်ခဲ့သော ဝန်ထမ်းများ၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းနှင့် ချိတ်ဆက်လုပ်ဆောင်နေသော စီးပွားရေးကုမ္ပဏီများ၊ မူပိုင်ခွင့်ဥပဒေများနှင့် ပတ်သက်သော အကြောင်းအရာများ နှင့် ဓါတ်ပုံများ တင်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ဝေခြင်းများပြုလုပ်ရာတွင် သင့်လျော်သောခွင့်ပြုချက်များ ရယူရန်လိုအပ်မည်ဖြစ်သည်။

၁၀။ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၏ လုပ်ငန်းချိန်အတွင်း ခွင့်ပြုထားသောဆိုရှယ်မီဒီယာသုံးစွဲမှုသည် အသင်းနှင့်ပတ်သက်သော လုပ်ငန်းဆောင်တာများအတွက်သာဖြစ်သည်။ အသင်းမှပေးအပ်ထားသော အလက်ထရောနစ်ပစ္စည်းများသည် အသင်း၏လုပ်ငန်းဆောင်ရွက်မှုများအတွက်သာ ရည်ရွယ်ပါသည်။ လုပ်ငန်းချိန်အတွင်း ကိုယ်ရေးကိုယ်တာနှင့်ပတ်သက်သော အလက်ထရောနစ်ပစ္စည်းများနှင့်

ဆိုရှယ်မီဒီယာအသုံးပြုမှုများရှိပါက သတ်မှတ်ထားသောစည်းမျဉ်းဥပဒေအတိုင်းအရေးယူဆောင်ရွက်မည်ဖြစ်သည်။

၁၁။ ဝန်ထမ်းများအားလုံးသည် မြန်မာနိုင်ငံကျန်းမာရေးမှုုသင်းမှ ချမှတ်ထားသော စည်းမျဉ်းဥပဒေများကို လုပ်ငန်းချိန်တွင်သော်လည်းကောင်း၊ လုပ်ငန်းချိန်ပြင်ပတွင်သော်လည်းကောင်း ချိုးဖောက်ခြင်းပြုပါက သတ်မှတ်ထားသော စည်းမျဉ်းဥပဒေအတိုင်း အရေးယူဆောင်ရွက်ခြင်းသော်လည်းကောင်း၊ တာဝန်မှရပ်စဲခြင်းသော်လည်းကောင်း ပြုလုပ်မည်ဖြစ်သည်။

၁၂။ ဝန်ထမ်းများ လုပ်ငန်းချိန်ပြင်ပတွင် မြန်မာနိုင်ငံကျန်းမာရေးမှုုအသင်း (သို့မဟုတ်) လုပ်ငန်းနှင့် ပတ်သက်ဆက်နွယ်နေသည့် အကြောင်းအရာများကို ရေးသားဖော်ပြမည်ဆိုပါက မိမိ ရေးသားဖော်ပြသော အကြောင်းအရာ သည် အသင်းနှင့် မသက်ဆိုင်ကြောင်းဖော်ပြရန်လိုအပ်သည်။ (ဥပမာ- "ယခုတင်သော / ပြ ဖန် ့ဝေသော အကြောင်းအရာသည် မိမိကိုယ်ရေးကိုယ်တာသာဖြစ်ပြီး မြန်မာနိုင်ငံကျန်းမာရေးမှုုအသင်း၏ စီမံချက်လုပ်ငန်းဆောင်တာများနှင့် မသက်ဆိုင်ပါ" အစရှိသဖြင့်)

၁၃။ အကယ်၍ဖြစ်နိုင်ပါက ဝန်ထမ်းများသည် မြန်မာနိုင်ငံကျန်းမာရေးမှုုအသင်းနှင့် သက်ဆိုင်သော ဆိုရှယ်မီဒီယာအကောင့် နှင့် မိမိကိုယ်ပိုင်အကောင့် ဟူ၍ခွဲခြားအသုံးပြုရန် အကြံပြုညွှန်ကြားအပ်ပါသည်။

၁၄။ အသင်း၏ တရားဝင်လူမှုကွန်ယက်များအဖြစ် Website၊ Facebook တို့အပြင် လိုအပ်လျှင် YouTube Twitter LinkedIn နှင့် အခြားသော ဆိုရှယ်မီဒီယာဝန်ဆောင်မှုများကိုအသုံးပြု၍ ပြန်ကြားဆက်သွယ်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အသင်း၏ ဂုဏ်သိက္ခာနှင့် အသင်း၏ ပုံရိပ်ကို မထိခိုက်စေရေးအတွက် သတိပြုရှောင်ကြဉ်ရမည်ဖြစ်သည်။